# N လမ်းပန်းဆက်သွယ်ရေး

N လမ်းပန်းဆက်သွယ်ရေးထိပ်ဆုံးသို့

## ဂျပန်နိုင်ငံတွင်ယာဉ်မောင်းလိုလျှင်

ဂျပန်နိုင်ငံတွင်မောင်းနှင်နိုင်သော နိုင်ငံခြားလိုင်စင်ကို ကိုင်ထားသည်

1-2
(1) နိုင်ငံတကာယာဉ်မောင်းလိုင်စင်
(ဂျနီဗာသဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံထုတ်လိုင်စင်)

နိုင်ငံတကာလိုင်စင်ကိုင်ထားသူသည် အောက်ပါကာလတွင် ဂျပန်နိုင်ငံတွင်း၌ ယာဉ်မောင်းနှင်နိုင်သည်။
ကာလ - ဂျပန်နိုင်ငံသို့ဝင်ရောက်သည့်ရက်မှ တစ်နှစ် (သို့) နိုင်ငံတကာလိုင်စင်သက်တမ်းကုန်ဆုံးမည့်ရက် တစ်ခုခု၏ တိုတောင်းသောကာလအထိ။ သို့သော် နေထိုင်သူအခြေခံစာရင်း၌ ရေးသွင်းထားသောသူသည် နိုင်ငံတွင်းပြန်လည်ဝင်ရောက်ခွင့်ကိုရယူ၍ နိုင်ငံမှထွက်ခွာပြီး ထွက်ခွာသည့်ရက်မှ သုံးလမပြည့်မီ ကာလအတွင်း နောက်တစ်ကြိမ် ပြန်လည်ဝင်ရောက်လာခဲ့လျှင်မှအပ

1-2
(2) နိုင်ငံတကာယာဉ်မောင်းလိုင်စင်ကို သက်တမ်းတိုးသောအခါတွင်

ထုတ်ပေးသောနိုင်ငံ၌ အသစ်ထပ်မံရယူမည်။ သို့သော် ဂျပန်နိုင်ငံမှထွက်ခွာပြီး သုံးလကျော်ပြည်ပတွင် နေထိုင်ရမည်။

1-2
(3) နိုင်ငံခြားယာဉ်မောင်းလိုင်စင်
(ဂျာမနီ၊ ဆွစ်ဇာလန်၊ ပြင်သစ်၊ ဘယ်လ်ဂျီယံ၊ ဆလိုဗဲနီးယား၊ မိုနာကို၊ ထိုင်ဝမ် ပြည်တွင်းလိုင်စင်)

ဂျာမနီ၊ ဆွစ်ဇာလန်၊ ပြင်သစ်၊ ဘယ်လ်ဂျီယံ၊ ဆလိုဗဲနီးယား၊ မိုနာကို၊ ထိုင်ဝမ်တို့၏ လိုင်စင် များဖြစ်လျှင်ဂျပန်ဘာသာပြန်စာပူးတွဲပါရှိပါက ဂျပန်သို့ဝင်ရောက်သည့်ရက်မှ တစ်နှစ်မောင်းနှင်နိုင်သည်။ (ယာဉ်မောင်းနေစဉ် နိုင်ငံကူး

1-3
ဂျပန်နိုင်ငံ၏ယာဉ်မောင်းလိုင်စင်သို့ ပြောင်းလဲမည်။

② ပြောင်းလဲလျှောက်ထားမည်။
②လိုအပ်သောစစ်ဆေးခြင်းကို ခံယူမည်။
③ရေးဖြေစာမေးပွဲကို ဖြေဆိုမည်။
④ကျွမ်းကျင်မှုစာမေးပွဲကို ဖြေဆိုမည်။
(ဩစတြေးလျ၊ တောင်ကိုးရီးယား စသော ၂၅ နိုင်ငံ စသည်တို့၏ လိုင်စင်သည် ③ရေးဖြေစာမေးပွဲနှင့် ④ကျွမ်းကျင်မှုစာမေးပွဲမှ ကင်းလွတ်မည်။

ဂျပန်နိုင်ငံ၏လိုင်စင်ကို ရယူမည်

1-4 (2)
သတ်မှတ်ပေးထားသော ယာဉ်သင်မောင်းလေ့ကျင့်ရေးကျောင်းသို့ တက်ရောက်မည်။

1-4
ဂျပန်နိုင်ငံ၏ ယာဉ်မောင်းလိုင်စင်ကို ရယူမည်။

# N လမ်းပန်းဆက်သွယ်ရေး

N လမ်းပန်းဆက်သွယ်ရေးထိပ်ဆုံးသို့

သင်ကိုယ်တိုင်မောင်းနှင်သော မော်တော်ယာဉ်နှင့်ဆိုင်ကယ်၊ စက်ဘီးစသည်တို့ကို ပိုင်ဆိုင်ခြင်း၊ အသုံးပြုခြင်းနှင့်ပတ်သက်၍ လိုအပ်သော ယာဉ်မောင်းလိုင်စင်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မတော်တဆဖြစ်ပွားမှုများကို မိတ်ဆက်ပေးပါမည်။

## 1 ယာဉ်မောင်းလိုင်စင်

### 1-1 ဂျပန်နိုင်ငံ၌မော်တော်ယာဉ်မောင်းနှင်မည်ဆိုလျှင်

သင်ဂျပန်နိုင်ငံတွင် မော်တော်ယာဉ်နှင့်ဆိုင်ကယ်ကိုမောင်းနှင်သောအခါ ယာဉ်မောင်းလိုင်စင်လိုအပ်ပါသည်။ ယာဉ်မောင်းလိုင်စင်ကို မော်တော်ယာဉ် မောင်းနှင်သောအခါ၌ မပျက်မကွက်ကိုင်ဆောင်ထားရပါမည်။ ဂျပန်နိုင်ငံတွင် မောင်းနှင်နိုင်သောယာဉ်မောင်းလိုင်စင်မှာ အောက်ပါအတိုင်းဖြစ်သည်။

**● ဂျပန်နိုင်ငံ၌ မောင်းနှင်နိုင်သောလိုင်စင်**

| |
|---|
| ･ဂျပန်နိုင်ငံ၌ယူထားသော ယာဉ်မောင်းလိုင်စင် |
| ･ဂျနီဗာသဘောတူချက်စာချုပ်တွင် ပါဝင်သောနိုင်ငံများမှ ထုတ်ယူထားသော နိုင်ငံတကာယာဉ်မောင်းလိုင်စင် |
| ･နိုင်ငံခြားလိုင်စင် (ဂျာမနီ၊ ဆွစ်ဇာလန်၊ ပြင်သစ်၊ ဘယ်လ်ဂျီယံ၊ ထိုင်ဝမ်၊ အီတလီ နိုင်ငံတွင်း၌ ထုတ်ယူထားသော ယာဉ်မောင်းလိုင်စင်) |

# 1 ယာဉ်မောင်းလိုင်စင်

## 1-2 နိုင်ငံတကာယာဉ်မောင်းလိုင်စင်နှင့် နိုင်ငံခြားယာဉ်မောင်းလိုင်စင်

### (1) နိုင်ငံတကာယာဉ်မောင်းလိုင်စင်

ဂျနီဗာသဘောတူစာချုပ်တွင်ပါဝင်သော နိုင်ငံများမှထုတ်ပေးသော နိုင်ငံတကာယာဉ်မောင်းလိုင်စင်ကို ပိုင်ဆိုင်ထားသူသည် ဂျပန်နိုင်ငံ၌ အောက်ပါအချိန် ကာလတွင် မော်တော်ယာဉ်မောင်းနှင်နိုင်သည်။

- **နိုင်ငံတကာယာဉ်မောင်းလိုင်စင်ဖြင့် မောင်းနှင်နိုင်သောကာလ**

နိုင်ငံတကာယာဉ်မောင်းလိုင်စင်ဖြင့် မောင်းနှင်နိုင်သောကာလမှာ ဂျပန်နိုင်ငံသို့ ရောက်ရှိသည့်ရက်မှ တစ်နှစ် သို့မဟုတ် နိုင်ငံတကာယာဉ်မောင်းလိုင်စင် သက်တမ်းကုန်ဆုံးမည့်ရက်၊ တစ်ခုခု၏ တိုတောင်းသောကာလအထိ ဖြစ်သည်။ သို့သော် "နေထိုင်သူအခြေခံစာရင်း၌ရေးသွင်းထားသောသူသည် နိုင်ငံတွင်း ပြန်လည်ဝင်ရောက်ခွင့်ကိုရယူ၍ နိုင်ငံမှထွက်ခွါပြီး ထွက်ခွာသည့်ရက်မှ ၃လမပြည့်မီကာလအတွင်း နောက်တစ်ကြိမ်ပြန်လည်ဝင်ရောက်လာ ခဲ့လျှင်မှအပ" ဟု ဖော်ပြထားသည်။ ထိုကဲ့သို့သော သာဓကဖြစ်ခဲ့လျှင် ပထမဦးဆုံး ဂျပန်နိုင်ငံသို့ ဝင်ရောက်လာသောရက်မှ စတင်ရေတွက်ပါမည်။

- **ယာဉ်လမ်းသွားလာရေးနှင့်ဆိုင်သောသဘောတူချက် (ဂျနီဗာသဘောတူစာချုပ်) တွင် ပါဝင်သောနိုင်ငံများ (၂၀၁၇ခုနှစ် ဒီဇင်ဘာလ အနေအထား)**

| | | | | | |
|---|---|---|---|---|---|
| အာရှ | ဂျပန် | အာဖရိက | မာလီ | ဥရောပ | အိုက်စလန် |
| | ဖိလစ်ပိုင် | | နိုင်ဂျာ | | ဘူဂေးရီးယား |
| | အိန္ဒိယ | | ရဝမ်ဒါ | | မော်လတာ |
| | ထိုင်း | | ဆီနီဂေါ | | အယ်လ်ဘေးနီးယား |
| | ဘင်္ဂလားဒေ့ရှ် | | ဆီလာလီအိုး | | လူဇင်ဘတ် |
| | မလေးရှား | | တိုဂို | | မိုနာကို |
| | စင်ကာပူ | | တူနီးရှား | | ဆန်မာရီနို |
| | သီရိလင်္ကာ | | ယုဂန္ဒာ | | ဗီနီကန် |
| | ကမ္ဘောဒီးယား | | ဇင်ဘာဘွေ | | ကာဂျစ်စတန် |
| | လာအို | | နမီးဘီးယား | | ဂျော်ဂျီယာ |

# ဘာသာစကားပေါင်းစုံနေထိုင်မှုလမ်းညွှန်

## N လမ်းပန်းဆက်သွယ်ရေး

N လမ်းပန်းဆက်သွယ်ရေးထိပ်ဆုံးသို့

| | | | | | |
|---|---|---|---|---|---|
| | ကိုးရီးယား | | ဘာခိနာဖာဆို | | ချက် |
| အရှေ့အလယ်ပိုင်း | တူရကီ | | နိုက်ဂျီးရီးယား | | ဆလိုဗက်ကီးယား<br>ဆလိုဘဲနီးယား |
| | အစ္စရေး | ဥရောပ | အင်္ဂလန် | မြောက်၊ အလယ်နှင့်တောင်အမေရိက | အမေရိကန် |
| | ဆီးရီးယား | | ဂရိ | | ကနေဒါ |
| | ဆိုက်ပရပ်စ် | | နော်ဝေ | | ပီရူး |
| | ဂျော်ဒန် | | ဒိန်မတ် | | ကျူးဘား |
| | လက်ဘနွန် | | ဆွီဒင် | | အီကွေဒေါ |
| | အာရပ်စော်ဘွားများနိုင်ငံ | | ဟော်လန် | | အာဂျင်တီးနား |
| အာဖရိက | တောင်အာဖရိက | | ပြင်သစ် | | ချီလီ |
| | တောင်အာဖရိက | | အီတလီ | | ပါရာဂွေး |
| | အီဂျစ် | | ရုရှ | | ဘာဘေးဒို |
| | ဂါနာ | | ဆဲလ်ဗီးယား | | ဒိုမီနီကာ |
| | အယ်ဂျီးရီးယား | | မန်တေနေးဂရိုး | | ဂွါတီမာလာ |
| | မော်ရိုကို | | စပိန် | | ဟေတီ |
| | ဘော့ဆွာနာ | | ဖင်လန် | | တွီနီဒါတိုဘီကို |
| | ဒီမိုကရက်တစ်ကွန်ရို | | ပေါ်တူဂီ | | ဗန်နီဇွဲလား |
| | ကွန်ရို | | ဩစတြီးယား | | ဂျာမေအိက |
| | ဘီနင် | | ဘယ်လ်ဂျီယံ | အိုရှီးနီးယား | နယူးဇီလန် |
| | အိုင်ဗလို့ရှင်ကို့စ် | | ပိုလန် | | ဖီဂျီ |
| | လီဆိုသို | | အိုင်ယာလန် | | ဩစတြေးလျ |
| | မာဒါဂတ်စကာ | | ဟန်ဂေရီ | | ပါပူအာနယူးဂင်နီ |
| | မာလာဂီ | | လူမေနီးယား | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ဟောင်ကောင် |
| | | | | | မကာအို |

၉၆ နိုင်ငံ၊ ၂ ဒေသ

ရဲဌာနချုပ်ဟုမ်းပေ့ချ်

http://www.keishicho.metro.tokyo.jp/menkyo/menkyo/kokugai/kokugai04.html

### (2) နိုင်ငံတကာယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်း

နိုင်ငံတကာယာဉ်မောင်းလိုင်စင်သည် စာချုပ်ပါအချက်များကိုအခြေခံ၍ နိုင်ငံအသီးသီးမှ ထုတ်ပေးထားခြင်းဖြစ်ပြီး ပြည်ပနိုင်ငံများ၏ နိုင်ငံတကာလိုင်စင်ကို ဂျပန်နိုင်ငံတွင် သက်တမ်းတိုးခြင်းမပြုလုပ်နိုင်ပါ။

နိုင်ငံတကာလိုင်စင်သက်တမ်းကုန်ဆုံးသောအခါ ထုတ်ပေးသောနိုင်ငံ၌ အသစ်တဖန်ရယူရန်လိုအပ်ပါသည်။ အကယ်၍ သင်သည် တစ်နှစ်နှင့်အထက် ဂျပန် နိုင်ငံတွင် နေထိုင်ပါက ဂျပန်နိုင်ငံလိုင်စင်ကို ရယူပါ။

### (3) နိုင်ငံခြားယာဉ်မောင်းလိုင်စင်

ဂျာမနီ၊ ဆွစ်ဇာလန်၊ ပြင်သစ်၊ ဘယ်လ်ဂျီယံ၊ ထိုင်ဝမ်၊ အီတလီ တို့၏ ယာဉ်မောင်းလိုင်စင်နှင့်ပတ်သက်၍ ဂျပန်ဘာသာပြန်စာနှင့်အတူ ပူးတွဲပါရှိပါက ဂျပန် နိုင်ငံသို့ဝင်ရောက်သည့်ရက်မှ တစ်နှစ် သို့မဟုတ် နိုင်ငံတကာယာဉ်မောင်းလိုင်စင်သက်တမ်းကုန်ဆုံးမည့်ရက်၊ တစ်ခုခု၏ တိုတောင်းသောကာလအထိ ဂျပန်နိုင်ငံ ၌ မောင်းနှင်နိုင်ပါသည်။ သို့သော် "နေထိုင်သူအခြေခံစာရင်း၌ ရေးသွင်းထားသူသည် နိုင်ငံတွင်းပြန်လည်ဝင်ရောက်ခွင့်ကိုရယူ၍ နိုင်ငံမှထွက်ခွာပြီး ထွက်ခွာသည့် ရက်မှ ၃လမပြည့်မီကာလအတွင်း နောက်တစ်ကြိမ်ပြန်လည်ဝင်ရောက်လာခဲ့လျှင်မှအပ"ဟု ဖော်ပြထားပါသည်။ ထိုကဲ့သို့သော သာဓကဖြစ်ခဲ့လျှင် ပထမဦးဆုံး ဂျပန်နိုင်ငံသို့ဝင်ရောက်လာသော ရက်မှစတင်ရေတွက်ပါမည်။ ဂျပန်ဘာသာပြန်စာသည် နိုင်ငံခြားယာဉ်မောင်းလိုင်စင်ထုတ်ပေးသောဌာန သို့မဟုတ် ဂျပန်နိုင်ငံရှိ သံရုံး၊ ကောင်စစ်ဝန်ရုံး သို့မဟုတ် ဂျပန်မော်တော်ယာဉ်များသမဂ္ဂ (JAF・2-4 တွင်ကြည့်ရန်) မှ ဘာသာပြန်ဆိုသောအရာ ဖြစ်ရမည်။

မော်တော်ယာဉ်မောင်းနှင်ချိန်တွင် ၎င်းအရာများနှင့်အတူ နိုင်ငံကူးလက်မှတ်ကို ကိုင်ဆောင်ထားရပါမည်။

# 1 ယာဉ်မောင်းလိုင်စင်

## 1-3 ဂျပန်နိုင်ငံ၏ယာဉ်မောင်းလိုင်စင်သို့ပြောင်းလဲခြင်း

### (1) ပြည်ပနိုင်ငံ၏ယာဉ်မောင်းလိုင်စင်ကို ကိုင်ဆောင်ထားသူသည် ဂျပန်နိုင်ငံ၏ယာဉ်မောင်းလိုင်စင်သို့ပြောင်းလဲခြင်း

သင်ယခုကိုင်ဆောင်ထားသော ပြည်ပယာဉ်မောင်းလိုင်စင်သည် သက်တမ်းရှိနေပြီး ထုတ်ယူထားသောရက်မှ ၃လအထက် ထိုနိုင်ငံတွင် နေထိုင်ကြောင်းကို သက်သေခံနိုင်ပါက ထိုယာဉ်မောင်းလိုင်စင်ကို အခြေခံ၍ ဂျပန်နိုင်ငံ၏ ယာဉ်မောင်း လိုင်စင်သို့ ပြောင်းလဲနိုင်သည်။ ဂျပန်နိုင်ငံတွင် မောင်းနှင်ရန်သင့်လျော်သည်ဟု စစ်ဆေးအတည်ပြုခြင်းကိုခံယူ၍ သင်နေထိုင်သော ခရိုင်ရဲဌာနရှိ ယာဉ်မောင်းလိုင်စင်စင်တာ၊ ယာဉ်မောင်းလိုင်စင်ဖြေဆိုရာဌာနတို့တွင် ကျင်းပသောစာမေးပွဲ ၏ တစ်စိတ်တစ်ပိုင်း (ရေးဖြေနှင့် ကျွမ်းကျင်မှုအတည်ပြုမေးခွန်း) ကို ကင်းလွတ်ခွင့်ရပါမည်။

### (2) ဂျပန်နိုင်ငံ၏ယာဉ်မောင်းလိုင်စင်သို့ ပြောင်းလဲခြင်းလုပ်ထုံးလုပ်နည်း

1. ပြောင်းလဲလျှောက်ထားမည် 1-3 (3) တွင်ကြည့်ရန်

↓

2. သင့်လျော်မှုစစ်ဆေးခြင်း

↓

3. ရေးဖြေစာမေးပွဲ (ယာဉ်လမ်းစည်းကမ်းစစ်ဆေးမှုစသည့်) ကိုဖြေဆိုမည်

↓

4. ကျွမ်းကျင်မှုစာမေးပွဲ (ယာဉ်မောင်းစွမ်းရည်စစ်ဆေးမှု) ကိုဖြေဆိုမည်

↓

ဂျပန်နိုင်ငံ၏ယာဉ်မောင်းလိုင်စင်ကိုရယူမည်။

※ ဂျပန်စကားမပြောဆိုနိုင်သောသူနှင့် ဂျပန်စာမရေးနိုင်သောသူသည် စကားပြန်လိုအပ်ပါသည်။

※ ပြင်သစ်၊ ဂျာမနီ၊ ဆွစ်ဇာလန်၊ အီတလီ၊ ဘယ်လ်ဂျီယံ၊ ပော်လန်၊ လူဇင်ဘတ်၊ အင်္ဂလန်၊ ဒိန်းမတ်၊ အိုင်ယာလန်၊ ဂရိ၊ စပိန်၊ ပေါ်တူဂီ၊ ဆွီဒင်၊ နော်ဝေ၊ အိုက်စ်လန်၊ ဖင်လန်၊ သြစတြီးယား၊ သြစတြေးလျ၊ နယူးဇီလန်၊ ကိုးရီးယား၊ ကနေဒါ၊ ချက်၊ အမေရိကန်ပြည်ထောင်စု မေရီလန်းပြည်နယ်နှင့် ဝါရှင်တန်ပြည်နယ်၊ ဆလိုဗဲနီးယား၊ မိုနာကို၊ ထိုင်ဝမ် ၂၅ နိုင်ငံစသည်များ (၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလ အနေအထား)၏ ယာဉ်မောင်းလိုင်စင်သည် အထက်ဖော်ပြပါ ③ရေးဖြေစာမေးပွဲနှင့် ④ကျွမ်းကျင်မှု စာမေးပွဲ ကင်းလွတ်ခွင့် ရရှိပါမည်။

N လမ်းပန်းဆက်သွယ်ရေးထိပ်ဆုံးသို့

# 1 ယာဉ်မောင်းလိုင်စင်

### (3) ဂျပန်နိုင်ငံ၏ယာဉ်မောင်းလိုင်စင်သို့ ပြောင်းလဲရန်အတွက်လိုအပ်သော စာရွက်စာတမ်း

| လိုအပ်သောစာရွက်စာတမ်း | တင်သွင်းရန်နေရာ | အခကြေးငွေ |
| --- | --- | --- |
| 1 ယာဉ်မောင်းလိုင်စင်လျှောက်လွှာပုံစံ(စာစစ်ဌာန၌ရှိသည်)<br>2 ဓါတ်ပုံ(အလျား 2.4 cm၊ အနံ 3cm၊ ၆လအတွင်း ရိုက်ထားသောပုံ) ပုံအရေအတွက်မှာ လျှောက်မည့်အမျိုးအစားပေါ်မူတည်သည်။<br>3 မည်သည့်နိုင်ငံသားဖြစ်သည်ကိုရေးသွင်းထားသော နေထိုင်သူမှတ်တမ်း (နေထိုင်သူအခြေခံစာရင်းတွင် ရေးသွင်းထားခြင်း မရှိသောသူသည် တည်းခိုရာအိမ်၏အိမ်ရှင်နှင့် ဟိုတယ်မန်နေဂျာ၏ ထောက်ခံစာစသည့်)<br>4 မိခင်နိုင်ငံ (ပြည်ပ) ၏ယာဉ်မောင်းလိုင်စင် (ထုတ်ပေးသည့်နေ့ရက်မပါရှိလျှင် ထုတ်ပေးသည့်နေ့ရက်ကို သက်သေခံနိုင်မည့်အရာ)<br>5 ယာဉ်မောင်းလိုင်စင်၏ အစိုးရအဖွဲ့အစည်းများမှ ဂျပန်ဘာသာသို့ပြန်ဆိုထားသော ဘာသာပြန်စာ (ပြည်ပနိုင်ငံများ၏ အုပ်ချုပ်ရေးဌာနရုံး၊ ကောင်စစ်ဝန်ရုံး သို့မဟုတ် JAF မှထုတ်ပေးသော အရာများသာ)<br>6 နိုင်ငံကူးလက်မှတ် (နိုင်ငံအဝင်အထွက်မှတ်တမ်းရှိသော အရာ) | နေထိုင်ရာအရပ်ရှိ ယာဉ်မောင်းလိုင်စင်စင်တာ | လျှောက်ထားကြေး၊ ထုတ်ပေးကြေး၊ စသောအခကြေးငွေ ယန်း 5,000 ခန့်လိုအပ်သည်။ သို့သော် အခကြေးငွေသည် လျှောက်ထားသောလိုင်စင်အမျိုးအစားပေါ်မူတည်၍ ကွဲပြားနိုင်မည်ဖြစ်သောကြောင့် အသေးစိပ်ကို နေထိုင်ရာအရပ်ရှိ လိုင်စင်စင်တာ၌ မေးမြန်းပါ။ |

နိုင်ငံပေါ်မူတည်၍ အထက်ဖော်ပြပါအကြောင်းအရာများအပြင် အခြားလိုအပ်သောစာရွက်စာတမ်းများရှိပါသည်။ အသေးစိပ်ကို နေထိုင်ရာအရပ်ရှိ ယာဉ်မောင်း လိုင်စင်စင်တာ၌ မေးမြန်းပါ။

# 1 ယာဉ်မောင်းလိုင်စင်

## 1-4 ဂျပန်နိုင်ငံ၏ယာဉ်မောင်းလိုင်စင်ကိုရယူလိုလျှင်

### (1) ဂျပန်နိုင်ငံ၏ယာဉ်မောင်းလိုင်စင်ရယူရန်လိုအပ်သောအရာ

မည်သည့်နိုင်ငံသားတိုင်းမဆို အောက်ဖော်ပြပါ စစ်ဆေးခံခြင်း၊ စာမေးပွဲဖြေဆိုခြင်းများ လုပ်ဆောင်ရပါမည်။ သို့ရာတွင် ရေးဖြေစာမေးပွဲကို အင်္ဂလိပ်ဘာသာ စသည်ဖြင့် ဖြေဆိုနိုင်သောအခါလည်းရှိသောကြောင့် ကြိုတင်စုံစမ်းထားပါ။

**• စစ်ဆေးခံယူခြင်း၊ စာမေးပွဲဖြေကြားခြင်း**

| | |
|---|---|
| သင့်လျော်မှုစစ်ဆေးခြင်း | အမြင်အာရုံစသည်တို့ကိုတိုင်းတာမည်။ |
| ရေးဖြေစာမေးပွဲ | ယာဉ်လမ်းစည်းကမ်းအသိပညာကို အတည်ပြုမည်။<br>(အခြေခံအားဖြင့် ဂျပန်ဘာသာဖြင့်မေးခွန်းမေးပါမည်။) |
| ကျွမ်းကျင်မှုစာမေးပွဲ | ယာဉ်မောင်းနှင်မှုစွမ်းရည်ကို အတည်ပြုမည်။<br>(စာစစ်သူက ဂျပန်စကားဖြင့် ညွှန်ကြားပါမည်။ |

### (2) မော်တော်ယာဉ်မောင်းသင်လေ့ကျင့်ရေးကျောင်းတွင် သင်ကြားရန်

ဂျပန်နိုင်ငံတွင် ယေဘုယျအားဖြင့် ယာဉ်မောင်းလိုင်စင်ကို ရယူရာတွင် "မော်တော်ယာဉ် မောင်းသင်လေ့ကျင့်ရေးကျောင်း"သို့ သွားရောက်၍ စာတွေ့၊ လက်တွေ့သင်ယူရပါသည်။ သာမန် မော်တော်ယာဉ်အမျိုးအစားတစ်အတွက် ယန်း ၃၀၀,၀၀၀ ခန့် ကုန်ကျရပါမည်။ အချိန်ကာလသည် ယာဉ်မောင်းသင်လေ့ကျင့်ရေး ကျောင်းအသီးသီးပေါ်မူတည်၍ ကွဲပြားမည်ဖြစ်ပြီး အသေးစိတ်ကို ယာဉ်လေ့ကျင့်ရေးသင်တန်းကျောင်းသို့ မေးမြန်းပါ။ ထို့ပြင် အသိအမှတ်ပြု ယာဉ်မောင်းသင်လေ့ကျင့်ရေးကျောင်းကို အောင်မြင်ပါက ယာဉ်မောင်းနှင်မှုစွမ်းရည်စာမေးပွဲကို ဖြေဆိုရန်မလိုပေ။ ပြည်သူများဘေးကင်းလုံခြုံရေးကော်မရှင်မှ ပြုလုပ်သော ရေးဖြေစာမေးပွဲနှင့် သင့်လျော်မှုစစ်ဆေးခြင်းကို အောင်မြင်ပါက ယာဉ်မောင်းလိုင်စင်ကို ထုတ်ပေးပါမည်။ လေ့ကျင့်ရေးကျောင်း၏သင်ခန်းစာ အားလုံးကို စာမေးပွဲနှင့်ထပ်တူ ဂျပန်ဘာသာဖြင့်ပို့ချပါမည်။

# 1 ယာဉ်မောင်းလိုင်စင်

## 1-5 ယာဉ်မောင်းလိုင်စင်သက်တမ်း၊ လိပ်စာပြောင်း

### (1) ယာဉ်မောင်းလိုင်စင်သက်တမ်းကာလနှင့် သက်တမ်းကုန်ဆုံးခြင်း

ယာဉ်မောင်းလိုင်စင်၏သက်တမ်းကာလသည် လိုင်စင်ထုတ်ပေးသည့်နေ့မှစ၍ သုံးကြိမ်မြောက်မွေးနေ့၏ နောက်တစ်လအထိဖြစ်သည်။ ထို့နောက်ပိုင်းတွင် လိုင်စင်ကိုင်ဆောင်ထားသောကာလနှင့် ယာဉ်စည်းကမ်း ဖေါက်ဖျက်မှု ရှိမရှိကိုကြည့်ပြီး ၃နှစ် သို့မဟုတ် ၅နှစ်အလိုက် သက်တမ်းတိုးရန်ဖြစ်သည်။ သက်တမ်းတိုးရန်အချိန်နီးကပ်လာလျှင် "ယာဉ်မောင်းလိုင်စင် သက်တမ်း တိုးရန်အသိပေး (ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးအသိပေးနှိုးဆော်စာ)" ပို့စကတ် စာတိုက်မှရောက်ရှိလာမည်ဖြစ်ပြီး (လိပ်စာ ပြောင်းထားလျှင် ရဲခစန်းတွင်လည်း လိပ်စာပြောင်းခြင်းကို သတင်းပို့မထားခဲ့လျှင် သက်တမ်းတိုးအသိပေးပို့စကတ် ရောက်ရှိလာမည်မဟုတ်ပါ) ညွှန်ကြားထား သော ယာဉ်မောင်းလိုင်စင်စင်တာ သို့မဟုတ် ရဲဌာန၌ သက်တမ်းတိုး လုပ်ထုံးလုပ်နည်းများကို လုပ်ဆောင်ပါမည်။ သက်တမ်းတိုးရာတွင် သင့်လျော်မှုစစ်ဆေးခြင်း နှင့် သက်တမ်းတိုးချိန်သင်တန်းကို တက်ရောက်ရမည်ဖြစ်သည်။

သက်တမ်းတိုးရန်မေ့လျော့ခဲ့လျှင် ယာဉ်မောင်းလိုင်စင်သက်တမ်းကုန်ဆုံး (အကျုံးမဝင်) မည်ဖြစ်ပြီး နောက်ထပ်တဖန် လိုင်စင်စာမေးပွဲကို ပြန်ဖြေဆိုရပါလိမ့် မည်ဖြစ်၍ သတိထားရန်လိုအပ်ပါသည်။

### (2) လိပ်စာပြောင်းသွားပါက

လိပ်စာပြောင်းသွားလျှင် ယာဉ်မောင်းလိုင်စင်၌ရေးထားသော နေရပ်လိပ်စာကိုပြောင်းရန် လုပ်ထုံးလုပ်နည်းများ လုပ်ဆောင်ရန် လိုအပ်ပါသည်။ လိပ်စာသစ် ကို သက်သေခံနိုင်မည့်အရာ (နေထိုင်သူမှတ်တမ်း၊ ကျန်းမာရေးစောင့်ရှောက်မှုအာမခံကတ် စသည့်) ကို ကိုင်ဆောင်ကာ နေအိမ်သစ်လိပ်စာကို ရဲဌာန သို့မဟုတ် ယာဉ်မောင်းလိုင်စင်စင်တာတို့တွင် လိပ်စာပြောင်းလုပ်ငန်းစဉ်များကို လုပ်ဆောင်ပါ။

# 1 ယာဉ်မောင်းလိုင်စင်

## 1-6 ယာဉ်မောင်းလိုင်စင်ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း

### (1) ဂျပန်နိုင်ငံ၏အမှတ်စနစ်

အမှတ်စနစ်ဆိုရာတွင် ယာဉ်မတော်တဆဖြစ်ပွားမှုအပြင် မီးပွိုင့်လျစ်လျူရှုခြင်း၊ အရှိန်လွန်မောင်းနှင်ခြင်း၊ စည်းကမ်းမဲ့ရပ်နားထားခြင်း စသည်တို့အပေါ် အမှတ်ပေး၍ စည်းကမ်းဖောက်ဖျက်သည့်အခါတိုင်းတွင် အမှတ်များတိုးပွားစေပြီး သုံးနှစ်အတွင်း စုစုပေါင်းအမှတ်သည် သတ်မှတ်ထားသည့် အရေအတွက် အမှတ်သို့ရောက်ရှိပါက လိုင်စင်ပယ်ဖျက်ခြင်းနှင့် လိုင်စင်ရပ်ဆိုင်းခြင်း စသည့် အပြစ်ပေးစနစ်ဖြစ်သည်။ (ပြီးခဲ့သောသုံးနှစ်အတွင်း၌ ယာဉ်စည်းကမ်း ဖေါက်ဖျက်မှုအရ အပြစ်ပေးခံခြင်း မရှိခဲ့လျှင် ၆မှတ် မှ ၁၄မှတ်သည် ယာဉ်မောင်းလိုင်စင်ရပ်ဆိုင်းခြင်း၊ ၁၅မှတ်နှင့် အထက်သည် လိုင်စင်ပယ်ဖျက်ခြင်း အပြစ်ပေးခံရပါမည်) အထူးသဖြင့် တိုက်ပြေးခြင်း၊ အရက်သေစာသောက်စားမောင်းနှင်ခြင်း (အနည်းငယ်သောက်စားမောင်းနှင်ခြင်း)၊ လိုင်စင်မရှိဘဲမောင်းနှင်ခြင်း စသည်တို့သည် ဆိုးဂါးသော စည်းကမ်းဖောက်ဖျက်မှုဖြစ်သောကြောင့် ပြစ်ဒဏ်လည်း ကြီးမားပါမည်။

### (2) သေးငယ်သောကျူးလွန်မှုကို ယာဉ်လမ်းစည်းကမ်းဖောက်ဖျက်မှုသတိပေးစနစ်ဖြင့်

သေးငယ်သောယာဉ်လမ်းစည်းကမ်းကျူးလွန်မှု (စည်းကမ်းဖောက်ဖျက်ခြင်း)ကို ကျူးလွန်ခဲ့လျှင် ကျူးလွန်သောနေရာ၌ ယာဉ်ထိန်းရဲမှ အပြာရောင်စာရွက် (ယာဉ်လမ်းစည်းကမ်းဖေါက်ဖျက်မှုသတိပေးစာ) နှင့် ယာယီငွေသွင်းချလံကိုပေးမည်ဖြစ်၍ ဒါဏ်ကြေးဆောင်ရန် ကာလအတွင်း (၎င်းနေ့အပါအဝင် ၈ရက်အတွင်း) တွင် စာတိုက် သို့မဟုတ် ဘဏ်သို့ စည်းကမ်းဖောက်ဖျက်မှုဒါဏ်ကြေးငွေကို ပေးဆောင်ပါက ကိစ္စပြီးဆုံးပါမည်။ (စည်းကမ်းဖောက်ဖျက်မှုအမှတ်အပေါင်းခံရမည် မှာ မရှောင်သာပေ) အဓိကအားဖြင့် ယာဉ်စည်းကမ်းဖေါက်ဖျက်မှုအမှတ်နှင့် ဒါဏ်ကြေးငွေမှာ အောက်ပါအတိုင်းဖြစ်သည်။

- **အဓိကယာဉ်လမ်းစည်းကမ်းဖေါက်ဖျက်မှုအမှတ်နှင့် ဒါဏ်ကြေးငွေပမာဏ**

| ယာဉ်လမ်းစည်းကမ်းဖေါက်ဖျက်မှုအမျိုးအစား | အမှတ် | ဒါဏ်ကြေးငွေ (ယာဉ်ကြီး) | ဒါဏ်ကြေးငွေ (ပုံမှန်ယာဉ်) | ဒါဏ်ကြေးငွေ (စက်တပ်နှစ်ဘီး) |
|---|---|---|---|---|
| အရှိန်လွန်မောင်းနှင်ခြင်း (25 km မှ 30 km အတွင်း) | 3 | ယန်း 25,000 | ယန်း 18,000 | ယန်း 15,000 |
| အတန်ကြာစည်းကမ်းမဲ့ရပ်နားထားခြင်း (ယာဉ်မရပ်ရ နေရာစသည့်) | 2 | ယန်း 21,000 | ယန်း 15,000 | ယန်း 9,000 |

# N လမ်းပန်းဆက်သွယ်ရေး

N လမ်းပန်းဆက်သွယ်ရေးထိပ်ဆုံးသို့

| ယာဉ်လမ်းစည်းကမ်းဖေါက်ဖျက်မှုအမျိုးအစား | အမှတ် | ဒါဏ်ကြေးငွေ (ယာဉ်ကြီး) | ဒါဏ်ကြေးငွေ (ပုံမှန်ယာဉ်) | ဒါဏ်ကြေးငွေ (စက်တပ်နှစ်ဘီး) |
|---|---|---|---|---|
| စည်းကမ်းမဲ့ယာဉ်ရပ်နား၊ ရပ်တန့်ထားခြင်း (ယာဉ်မရပ်ရ နေရာစသည့်) | 1 | ယန်း 12,000 | ယန်း 10,000 | ယန်း 6,000 |
| မီးပွိုင့်လစ်လျူရှု (မီးနီစသည့်) | 2 | ယန်း 12,000 | ယန်း 9,000 | ယန်း 7,000 |
| ဖြတ်မသွားရနေရာ၌ ဖြတ်သန်းမောင်းနှင်ခြင်း | 2 | ယန်း 9,000 | ယန်း 7,000 | ယန်း 6,000 |
| ကန့်သတ်နယ်မြေတွင် မောင်းနှင်ခြင်း | 2 | ယန်း 12,000 | ယန်း 9,000 | ယန်း 7,000 |
| အတင်းအဓမ္မကျော်တက်ခြင်း | 2 | ယန်း 12,000 | ယန်း 9,000 | ယန်း 7,000 |
| လမ်းဆုံလမ်းခွဘေးကင်းစွာသွားလာရေး ဝတ္တရားဖေါက်ဖျက်ခြင်း | 2 | ယန်း 12,000 | ယန်း 9,000 | ယန်း 7,000 |
| လက်ကိုင်ဖုန်းအသုံးပြုခြင်း စသည့် | 1 | ယန်း 7,000 | ယန်း 6,000 | ယန်း 6,000 |

# 2 မော်တော်ယာဉ်ပိုင်ဆိုင်ခြင်း၊ အသုံးပြုခြင်း

မော်တော်ယာဉ်ပိုင်ဆိုင်အသုံးပြုသူသည် ယာဉ်မှတ်ပုံတင်၊ ယာဉ်ထားရန်နေရာ ရရှိခြင်း၊ ယာဉ်ကြံ့ခိုင်မှုစစ်ဆေးခြင်း၊ မပင်မနေရ အာမခံထားခြင်း စသည့် ဥပဒေဆိုင်ရာ ဖတ္တရားရှိပါသည်။ ထို့ပြင် မော်တော်ယာဉ်ဝယ်ရန်ကုန်ကျငွေအပြင် ဓါတ်ဆီဖိုး၊ အာမခံထားငွေ၊ ယာဉ်ကြံ့ခိုင်မှုစစ်ဆေးရန်အတွက်ကုန်ကျငွေ၊ မော်တော်ယာဉ်အခွန်၊ ပြင်ဆင်စရိတ် စသည့် ကုန်ကျစရိတ်များ ရှိမည်ကိုမှတ်သားထားပါ။

## 2-1 မော်တော်ယာဉ်မှတ်ပုံတင်

အောက်ဖော်ပြပါအခါများ၌ နေထိုင်ရာအရပ်တွင် သက်ဆိုင်ရာ ပို့ဆောင်ရေးဌာနခွဲ၌ မှတ်ပုံတင်ရန်လိုအပ်ပြီး မော်တော်ယာဉ်များ အားလုံးသည် နံပါတ်ပြား တပ်ဆင်ထားရပါမည်။ မှတ်ပုံတင်ခြင်း လုပ်ထုံးလုပ်နည်းမှာ မော်တော်ယာဉ်ဝယ်သောဆိုင် စသည်တို့တွင် ကိုယ်စား ဆောင်ရွက်ခိုင်းနိုင်ပါသည်။ ထို့နောက် မော်တော်ယာဉ်ဝယ်ယူ၍ မှတ်ပုံတင်ရာတွင် ကိုယ်ပိုင်လက်မှတ်တံဆိပ်တုံး (D အခြားအကြောင်းကြားခြင်းများ 5 လက်မှတ်တံဆိပ်တုံးတွင်ကြည့်ရန်) လိုအပ်ပါသည်။

| မှတ်ပုံတင်ရန်လိုအပ်သည်များ | မှတ်ပုံတင်ရန်နေရာ |
|---|---|
| ･မော်တော်ယာဉ်ဝယ်ယူလျှင်<br>･ပိုင်ရှင် လိပ်စာနှင့် အမည်ပြောင်းလျှင်<br>･မော်တော်ယာဉ် လွှဲပြောင်းပေးအပ်၊ လွှဲပြောင်းရယူလျှင်<br>･မော်တော်ယာဉ်ဖျက်သိမ်းလျှင်<br>･နံပါတ်ပြားပျောက်ဆုံးလျှင် | နေထိုင်ရာအရပ်တွင် တရားစီရင်အုပ်ချုပ်သော ပို့ဆောင်ရေးဌာနခွဲ |

# 2 မော်တော်ယာဉ်ပိုင်ဆိုင်ခြင်း၊ အသုံးပြုခြင်း

## 2-2 ယာဉ်ဂိုဒေါင်သက်သေခံ

မော်တော်ယာဉ်ပိုင်ဆိုင်ရာတွင် ယာဉ်ဂိုဒေါင်သက်သေခံ (လမ်းမှအပ ယာဉ်ထားရန်နေရာရရှိထားကြောင်း ထောက်ခံသည့်အရာ) လိုအပ်သည်။

မော်တော်ယာဉ်ထားရန်နေရာရရှိထားခဲ့လျှင် မိမိနေထိုင်ရာအရပ်ဒေသရှိ ရဲဌာနသို့ မော်တော်ယာဉ် ထိန်းသိမ်းထားရန်နေရာ သက်သေခံခြင်းလျှောက်လွှာ ကို တင်သွင်း၍ သက်သေခံစာနှင့် ထိန်းသိမ်းထားရန်နေရာ အသိအမှတ်ပြု (ယာဉ်ဂိုဒေါင်သက်သေခံ) ကို ထုတ်ယူထားပါမည်။

# 2 မော်တော်ယာဉ်ပိုင်ဆိုင်ခြင်း၊ အသုံးပြုခြင်း

## 2-3 မော်တော်ယာဉ်စစ်ဆေးခြင်း (ယာဉ်ကြံ့ခိုင်မှုစစ်ဆေးခြင်း)

မိမိမော်တော်ယာဉ်သည် ပြဌာန်းထားသော ဥပဒေစံချိန်စံညွှန်းနှင့် ညီညွှတ်ခြင်းရှိမရှိ အချိန်ရောက်တိုင်း ပုံမှန်စစ်ဆေးမှုပြုလုပ်ရခြင်းသည် မော်တော်ယာဉ် စစ်ဆေးခြင်း၊ တနည်းဆိုသော် ယာဉ်ကြံ့ခိုင်မှုစစ်ဆေးခြင်း ဖြစ်သည်။ ယင်းစစ်ဆေးမှုကို အောင်မြင်ပြီး ယာဉ်စစ်ဆေးသက်သေခံ (ယာဉ်ကြံ့ခိုင်မှုသက်သေခံ) ကို ရယူထားခြင်းမရှိသော ယာဉ်သည် အများပိုင်လမ်းတွင် မောင်းနှင်ခြင်းမပြုလုပ်နိုင်ပေ။ ယာဉ်ကြံ့ခိုင်မှုသက်တမ်းသည် အိမ်စီးယာဉ် ၂နှစ် (အိမ်စီးယာဉ်အသစ်မှသာလျှင် ပထမဆုံးအကြိမ် ၃နှစ်) ဖြစ်ပြီး နှစ်နှစ်တစ်ခါ စစ်ဆေးမှုကို ခံယူရပါမည်။ စစ်ဆေးမှုပြီးဆုံးသွားလျှင် လေးထောင့်ပုံစတစ်ကာကိုရယူပြီး ယာဉ်၏ရှေ့မှန်တွင် ကပ်ထားရပါမည်။

ယာဉ်ကြံ့ခိုင်မှုစစ်ဆေးခြင်း လုပ်ထုံးလုပ်နည်းနှင့် ယာဉ်စစ်ဆေးခြင်းကို အကျိုးဆောင်နှင့်ပြုလုပ်လျှင် အခကြေးငွေကုန်ကျမည်ဖြစ်သော်လည်း ချောမောစွာ ပြီးဆုံးနိုင်ပါမည်။ ကိုယ်တိုင်ဆောင်ရွက်လိုပါက နီးစပ်ရာပို့ဆောင်ရေးဌာနခွဲသို့ မေးမြန်းပါ။

# 2 မော်တော်ယာဉ်ပိုင်ဆိုင်ခြင်း၊ အသုံးပြုခြင်း

## 2-4 JAF (ဂျပန်မော်တော်ယာဉ်များသမဂ္ဂ)

JAF (ဂျပန်မော်တော်ယာဉ်များသမဂ္ဂ)သည် ယာဉ်မတော်တဆဖြစ်ပွါးမှုနှင့် ယာဉ်စက်ချို့ယွင်းသောအခါ ၂၄ နာရီ ပိတ်ရက်မရှိ ကူညီကယ်တင်ခြင်း ဝန်ဆောင်မှုကို လုပ်ဆောင်နေပါသည်။ ထို့ပြင် အဖွဲ့ဝင် (နှစ်စဉ်ကြေးလိုအပ်သည်) ဖြစ်လျှင် ယာဉ်မောင်းနှင်မှုဆိုင်ရာ လမ်းအခြေအနေသတင်းများပေးမည့်အပြင် အခြားအကျိုးဖြစ်စေမည့် ဝန်ဆောင်မှုအမျိုးမျိုးကို ခံစားရပါမည်။

### (1) နိုင်ငံခြားလိုင်စင်၏ ဘာသာပြန်စာထုတ်ယူခြင်း

နိုင်ငံခြားလိုင်စင်မှ ဂျပန်နိုင်ငံ၏လိုင်စင်သို့ ပြောင်းလဲလျှောက်ထားသည့်အခါ နိုင်ငံခြားလိုင်စင်၏ ဘာသာပြန်စာ (ဂျပန်ဘာသာ) လိုအပ်ပါသည်။ ဂျပန်ဘာ သာသို့ပြန်ဆိုစာသည် JAF ၊ ဂျပန်နိုင်ငံရှိ နိုင်ငံခြားသံရုံး၊ ကောင်စစ်ဝန်ရုံး သို့မဟုတ် နိုင်ငံခြားလိုင်စင်ထုတ်ပေးသော ဌာနအဖွဲ့အစည်းမှ ထုတ်ပေးသော အရာ ဖြစ်မှသာလျှင် အသိအမှတ်ပြုပါမည်။

လျှောက်ထားခြင်းအတွက် အခကြေးငွေသည် လိုင်စင်တစ်ခုစီအတွက် ¥ ၃၀၀၀ ၊ စာတိုက်မှလျှောက်ထားလျှင် ပို့ခအဖြစ် စာတိုက်ကြေး (ဝန်ဆောင်ခအပါအဝင်) အဖြစ် ¥ ၅၀၀ အပို ထပ်ဆောင်းပေးရန်လိုပါသည်။

- **JAF ဝက်ဆိုက်**

http://www.jaf.or.jp/ （ဂျပန်ဘာသာ）

http://www.jaf.or.jp/e/index.htm （အင်္ဂလိပ်ဘာသာ）

- **လျှောက်ထားနည်း**

| လိုအပ်သောစာရွက်စာတမ်း | လျှောက်ထားနည်း | လျှောက်ထားရန်ကောင်တာ | လျှောက်ထားကြေး |
|---|---|---|---|
| 1 နိုင်ငံခြားလိုင်စင်ဘာသာပြန်စာ ထုတ်ယူရန်ပုံစံ<br>2 နိုင်ငံခြားလိုင်စင်<br>3 နေထိုင်သူကတ်ပြားမိတ္တူ (သို့) နေထိုင်ခြင်းထောက်ခံစာ မိတ္တူ စသည်※ | JAF ကောင်တာသို့ တိုက်ရိုက် သို့မဟုတ် ကောင်တာသို့ လိပ်မူ၍ အခကြေးငွေထည့်ပြီး မှတ်ပုံတင်ချောစာဖြင့် စာတိုက်မှပို့ရန် | JAF ရုံးခွဲတိုင်း၏ ဘာသာပြန် စာထုတ်ပေးရေးကောင်တာ | ယန်း ၃၀၀၀<br>(စာတိုက်မှပို့လျှင်)<br>စာတိုက်ကြေး (ဝန်ဆောင်ခ အပါအဝင်) အဖြစ်<br>ယန်း ၅၀၀ လိုအပ်သည်။ |

※ အာရပ်ဘာသာနှင့် ရုရှဘာသာ ဖြင့်ရေးထားသောလိုင်စင်၊ ကိုးရီးယား၊ ထိုင်း၊ မြန်မာ စသည်တို့တွင် ထုတ်ပေးသော လိုင်စင်ဖြစ်လျှင် လိုအပ်သည်။

### (2) ယာဉ်လမ်းစည်းကမ်းလက်စွဲစာအုပ် (နိုင်ငံခြားဘာသာ) ရောင်းချခြင်း

မော်တော်ယာဉ်လိုင်စင်ရယူသောအခါ၌ ယာဉ်မောင်းလိုင်စင်ဖြေဆိုရာဌာန၏ ရေးဖြေစာမေးပွဲကို ဖြေကြားရန်အတွက် ဂျပန်သယ်ယူပို့ဆောင်ရေး ဘေးကင်းလုံခြုံမှုအသင်းမှ ထုတ်ဝေသော "ယာဉ်လမ်းစည်းကမ်းလက်စွဲစာအုပ်" ဟုခေါ်သော ဖတ်စာအုပ်ရှိပါသည်။ ဂျပန်ဘာသာဖြင့်အပြင် နိုင်ငံခြားဘာသာဖြင့် "ယာဉ်လမ်းစည်းကမ်းလက်စွဲစာအုပ်" (အင်္ဂလိပ်၊ တရုတ်၊ ပေါ်တူဂီ၊ စပိန်၊ ၄မျိုး) ကိုလည်း JAF မှ ထုတ်ဝေပါသည်။ ဂျပန်ဘာသာဖြင့် စာအုပ် ကို ဒေသ အစိုးရအသီးသီးပေါ်တွင်မူတည်၍ အခမဲ့ဖြစ်သည်။ အခြားဘာသာဖြင့်ထုတ်ဝေသော စာအုပ်မှာ တစ်အုပ် ယန်း ၁၄၇၄ (အခွန်ပါ၊ ပို့ခမပါ) ဖြင့် ရောင်းပါသည်။

အသေးစိတ်ကိုအောက်ရှိ JAF website ၌ ကြည့်ရှုပါ။

http://www.jaf.or.jp/

# 3 ဆိုင်ကယ်၊ စက်ဘီးပိုင်ဆိုင်ခြင်း၊ အသုံးပြုခြင်း

ဆိုင်ကယ်၊ စက်ဘီးတွင်လည်း မှတ်ပုံတင်စနစ်နှင့် ရပ်နားထားရန် စည်းကမ်းချက် စသည်များရှိပါသည်။

## 3-1 ဆိုင်ကယ်မှတ်ပုံတင်

ဓါတ်ငွေ့စွန့်ထုတ်မှုပမာဏ 125 cc ကိုကျော်လွန်သော ဆိုင်ကယ်သည် ဒေသဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေးဌာနခွဲ (မော်တော်ယာဉ်စစ်ဆေးမှတ်ပုံတင်ရုံး) သို့ မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများကို လုပ်ဆောင်၍ နံပါတ်ပြားထုတ်ယူရန် လိုအပ်သည်။ မော်တာတပ်ဆင်ထားသော စက်ဘီး (125 cc အောက်) သည် နေထိုင်ရာအရပ်ရှိ မြို့နယ်အစိုးရရုံးသို့ လျှောက်ထားရန် လိုအပ်သည်။

## 3-2 စက်ဘီး၏ ပြစ်မှုတားဆီးရေးမှတ်ပုံတင်

စက်ဘီးတွင် ပြစ်မှုတားဆီးရေးမှတ်ပုံတင်စနစ် ပါရှိပါသည်။ အများအားဖြင့် ဝယ်ယူသောဆိုင်တွင် ဆောင်ရွက်နိုင်ပါသည်။

## 3-3 စက်ဘီးရပ်နားထားခြင်း

### (1) ရပ်နားထားခြင်းမပြုရနယ်မြေ

ရပ်နားခြင်းမပြုရနယ်မြေသင်္ကေတ




ဘူတာရှေ့စသည့်နေရာများတွင် စည်မျဉ်းဥပဒေအရ စက်ဘီးနှင့် ဆိုင်ကယ်ကို ရပ်နားထားခြင်းမပြုရန် သတ်မှတ်ထားသောနယ်မြေ (ရပ်နားထားခြင်းမပြုရနယ်မြေ) ရှိပါသည်။ ၎င်းနေရာ၌ စက်ဘီးနှင့် ဆိုင်ကယ်ကို ရပ် ထားလျှင် အာဏာဖြင့် ဖယ်ရှားခြင်းခံရမှာဖြစ်ပြီး သတ်မှတ်ထားသောနေရာသို့ ရွှေ့ပြောင်းထိန်းသိမ်းထားခြင်း ခံရပါမည်။

### (2) ဖယ်ရှားခံစက်ဘီးကို ပြန်လည်ပေးအပ်ခြင်း

ဖယ်ရှားခံစက်ဘီးကို ပြန်လည်ရယူလိုလျှင် စက်ဘီးသော့နှင့် မှတ်ပုံတင် (ယာဉ်မောင်းလိုင်စင်စသည့်) လိုပါ သည်။ ဖယ်ရှားခံရ၍ ထိန်းသိမ်းခနှင့် ပြောင်းရွှေ့ကြေးကို မပေးဆောင်လျှင် ပြန်မပေးသောအဖြစ်မျိုး ရှိပါသည်။ ထိုကဲ့သို့သောအခါ၌ ဖယ်ရှားခြင်းနှင့် ထိန်းသိမ်းခြင်းတို့အတွက် လိုအပ်သောငွေကို တောင်းဆိုပါလိမ့်မည်။

# 4 ယာဉ်လမ်းစည်းကမ်း

## 4-1 ဂျပန်နိုင်ငံ၏ ယာဉ်လမ်းစည်းကမ်း

ဂျပန်နိုင်ငံတွင် လမ်းလျှောက်သူ၊ မော်တော်ယာဉ်၊ ဆိုင်ကယ် အသီးသီး၏ ယာဉ်လမ်းစည်းမျဉ်းကို သတ်မှတ်ထားပါသည်။ ဂျပန်နိုင်ငံ၏ ယာဉ်လမ်းစည်းမျဉ်းကို မြန်မြန်မှန်မှန်မှတ်သား၍ ဘေးကင်းသောဘဝကို တည်ဆောက်ကြရအောင်။

### (1) အခြေခံယာဉ်လမ်းစည်းမျဉ်း

လမ်းလျှောက်သူသည် လူသွားပလက်ဖောင်းမရှိသောလမ်းတွင် လမ်း၏ညာဘက်အစွန်းမှ ကပ်လျှောက်ရမည်။ မော်တော်ယာဉ်နှင့် စက်ဘီးသည် ကားလမ်း၏ ဘယ်ဘက်မှ မောင်းနှင်ရမည်။

လမ်းလျှောက်သူနှင့် မော်တော်ယာဉ်၊ စက်ဘီးတို့တွင် လမ်းလျှောက်သူကို ဦးစားပေးရမည်။ ဤစည်းမျဉ်းများအား မလိုက်နာသောသူများလည်း ရှိနေသည့် အတွက် အထူးသတိကြီးစွာထားပါ။

မီးပွိုင့်နှင့် လမ်းသင်္ကေတကိုလည်း လိုက်နာရမည်။ ၎င်းစည်းမျဉ်းကို မလိုက်နာသောသူများ ရှိနေသည့်အတွက် အထူးသတိကြီးစွာထားပါ။

N လမ်းပန်းဆက်သွယ်ရေးထိပ်ဆုံးသို့

● အဓိကလမ်းသင်္ကေတ

| | | | |
|---|---|---|---|
|   |   |  |   |
| **တခဏရပ်**<br>ယာဉ်၊ စက်ဘီးများသည် ခဏရပ်တန့်ပေးရမည်။ | **ဖြည်းဖြည်းမောင်း**<br>ယာဉ်များရပ်တန့်နိုင်ရန် အရှိန်လျှော့မောင်းနှင်ရမည်။ | **ယာဉ်မဝင်ရ**<br>ယာဉ်များရှေ့သို့ ဆက်သွား၍မရပါ။ | **ဖြတ်သန်းမသွားရ**<br>လမ်းလျှောက်သူနှင့်စက်ဘီး၊ ယာဉ်များ ဖြတ်သန်းမသွားရပါ။ |
|  |  |  |   |
| **ယာဉ်ဖြတ်သန်းမသွားရ**<br>ယာဉ်များဖြတ်သန်းသွား၍မရပါ။ | **တစ်လမ်းသွား**<br>ယာဉ်များသည် မျှားပြထားသောဘက်ဆီသို့သာလျှင်သွားရမည်။ | **ညွှန်ပြဘက်မှတပါးမသွားရ**<br>ယာဉ်များသည် မျှားပြထားသောဘက်ဆီသို့သာလျှင်သွားရမည်။ | **ဤအချိန်အတွင်းယာဉ်ရပ်တန့်၊ ရပ်နားခြင်းမပြုရ**<br>ယာဉ်များသည် ညွှန်ပြထားသောအချိန်အတွင်း ရပ်နားထားခြင်း၊ ရပ်တန့်ခြင်း မပြုရ။ |
|   |   |  |  |
| **ဤအချိန်အတွင်း ယာဉ်ရပ်နားခြင်းမပြုရ**<br>ယာဉ်များသည် ညွှန်ပြထားသောအချိန်အတွင်းရပ်နားထားခြင်းမပြုရပါ။ | **လမ်းလျှောက်သူဖြတ်မကူးရ**<br>လမ်းလျှောက်သူများသည် လမ်းဖြတ်ကူးခြင်းပြုလုပ်၍ မရပါ။ | **လမ်းလျှောက်သူနှင့်စက်ဘီးသာ**<br>လမ်းလျှောက်သူနှင့်စက်ဘီးသာလျှင်သွားနိုင်သည်။ | **လမ်းလျှောက်သူများသာ**<br>လမ်းလျှောက်သူများသာလျှင်သွားနိုင်သည်။ |

## (2) လမ်းလျှောက်သူများ၏ အခြေခံစည်းမျဉ်း

လူသွားပလက်ဖောင်းရှိသော နေရာတွင် မပျက်မကွက် ပလက်ဖောင်း၌သာ လျှောက်ပါ။



လူသွားပလက်ဖောင်းမရှိသောနေရာတွင် လမ်း၏ ညာဘက်မှကပ်၍ လျှောက်ပါ။



အလျင်လိုသောအခါ၌လည်း မပျက်မကွက် မီးပွိုင့်ကို လိုက်နာပါ။






ရပ်နားထားသော၊ ရပ်တန့်နေသော ယာဉ်များကြားမှ လမ်းဖြတ်ကူးခြင်းကို မပြုလုပ်ရပါ။

မပျက်မကွက် လူကူးမျဉ်းကြား၊ လမ်းကူးတံတားမှ ဖြတ်ကူးပါ။ လူကူးမျဉ်းကြား၊ လမ်းကူးတံတား မရှိသောအခါ ဘယ်ညာသေချာစွာကြည့်၍ ယာဉ်မရှိတာသေချာမှသာ လမ်းဖြတ်ကူးပါ။



# N လမ်းပန်းဆက်သွယ်ရေး

N လမ်းပန်းဆက်သွယ်ရေးထိပ်ဆုံးသို့

## (3) စက်ဘီးစီးသူ၏ အခြေခံစည်းမျဉ်း



စက်ဘီးသည် ကားလမ်း၏ ဘယ်ဘက်အစွန်မှ ကပ်၍စီးပါ။

အခြားစက်ဘီးနှင့်ဘေးခြင်းယှဥ်၍ စီးခြင်း မပြုလုပ်ရ။





ယာဥ်နှင့်လမ်းလျှောက်သူများကို သတိကြီးစွာ ထားရမည်။



စက်ဘီးသွားနိုင်မည့် လမ်းသင်္ကေတရှိ လူသွားလမ်း ပလက်ဖောင်းတွင် စက်ဘီးစီးနိုင်သည်။



လူသွားပလက်ဖောင်းသည် လမ်းလျှောက်သူဦးစားပေး ဖြစ်သည်။ ပလက်ဖောင်းပေါ်တွင် အရှိန်ပြင်းစွာ စီးနင်းခြင်း၊ ဘဲလ်တီး၍ လမ်းလျှောက်သူကို လမ်းဖယ်ခိုင်းခြင်း မပြုလုပ်ရ။ လမ်းလျှောက်သူကို အနှောက်အယှက်ဖြစ်စေမည့်နေရာတွင် ခဏရပ်တန့်ပေးရမည်။



ညအချိန်၌ မဖြစ်မနေ မီးဖွင့်စီးရမည်။




တခဏရပ်ဆိုသည့် လမ်းသင်္ကေတရှိသောနေရာ၌ မပျက်မကွက် ခဏရပ်တန့်ပေး၍ အန္တရာယ်ရှိမရှိ ဘယ်ညာကြည့်ပါ။



မီးပွိုင့်ထားရှိသော လမ်းဆုံလမ်းခွတွင် မီးပွိုင့်ကို မပျက်မကွက် လိုက်နာပြီး ဖြတ်သန်းပါ။ လူကူးမျဉ်းကြားနှင့် စက်ဘီးဖြတ်ကူးရန်တွဲလုပ်ထားပါက ထို စက်ဘီးဖြတ်ကူးရန်နေရာမှ ဖြတ်သန်းပါ။

## (4) မော်တော်ယာဉ်နှင့်ဆိုင်ကယ်၏ အခြေခံစည်းမျဉ်း

ယာဉ်မောင်းလိုင်စင်မရှိသောသူများနှင့်အရက်သေစာသောက်ထားသော သူများသည် မောင်းနှင်ခြင်း မပြုရပါ။ ၎င်းတို့သည် အလွန်အန္တရာယ်ကြီး သောကြောင့် ကြီးလေးသောပြစ်ဒဏ်ကျခံနိုင်သည်။





မော်တော်ယာဉ်စီးသည့်အခါ ယာဉ်မောင်းသူနှင့်အတူ စီးသူများသည် မပျက်မကွက် ထိုင်ခုံခါးပတ်ကို ပတ်ထားရပါမည်။ ၆နှစ်အောက် ကလေးငယ်များစီးသည့်အခါ မပျက်မကွက် ကလေးထိုင်ခုံခါးပတ် ကို အသုံးပြုရပါမည်။ ဆိုင်ကယ်စီးသောအခါ၌ မပျက်မကွက် ဆိုင်ကယ်ဦးထုပ်ကို ဆောင်းထားရပါ မည်။







ယာဉ်မောင်းနေစဉ် လက်ကိုင်ဖုန်း အသုံးမပြုရပါ။

မီးပွိုင့်၊ လမ်းသင်္ကေတ၊ လမ်းညွှန်အမှတ် အသားတို့ကို လိုက်နာရပါမည်။



တခဏရပ်သင်္ကေတရှိသော နေရာတွင် မဖြစ်မနေ ခဏရပ် တန့်၍ အန္တရာယ်ကင်းမကင်း၊ ဘယ်ညာကြည့်ရပါမည်။




5 ယာဉ်မဝေ

ယခုဒ

လူကူးမျဉ်းကြားတွင် ဖြတ်ကူး ရန်ပြင်နေသောလူရှိခဲ့ပါက မပျက်မကွက် ခဏ ရပ်တန့်ပေး၍ အရင် ပေးကူးရပါမည်။



ဂျပန်နိုင်ငံ၌ သက်ကြီးရွယ်အို များ၏ မတော်တဆထိခိုက် ဒဏ်ရာရမှု များပြား နေပါသည်။ သက်ကြီးရွယ်အိုကို တွေ့မြင် ခဲ့လျှင် စာနာစိတ်ထားပြီး အ

# N လမ်းပန်းဆက်သွယ်ရေး

N လမ်းပန်းဆက်သွယ်ရေးထိပ်ဆုံးသို့

မည်သည့်အချိန်၊ မည်သည့်နေရာ၌ ဖြစ်ပွားလိမ့်မည်ကို မသိရှိနိုင်ပါ။ အကယ်၍ ဖြစ်ပွားခဲ့သည်ရှိသော် အာမခံအကြောင်းနှင့်ပတ်သက်၍ မိတ်ဆက်ပေးပါမည်။

## 5-1 ယာဉ်မတော်တဆဖြစ်ပွားမှုနှင့် မော်တော်ယာဉ်အာမခံ

### (1) ယာဉ်မတော်တဆဖြစ်ပွားမှုကို ကျူးလွန်ခဲ့လျှင်

ယာဉ်မတော်တဆဖြစ်ပွားမှုတွင် ကျူးလွန်သူဖြစ်ခဲ့လျှင် ချက်ချင်းယာဉ်ကိုရပ်တန့်၍ ဒဏ်ရာရသူကို ကူညီပြုစုပါ။ လမ်းအန္တရာယ်ကင်းရှင်းစေရန် ဆောင်ရွက် ပြီးနောက် ရဲဌာနကို အကြောင်းကြားရပါမည်။

| |
|---|
| **1. ရဲဌာနသို့ အကြောင်းကြားခြင်း** |
| အခြားယာဉ်များအနောက်အယှက်မဖြစ်စေရန် အန္တရာယ်ကင်းမည့်နေရာ၌ ယာဉ်ကိုရပ်တန့်ထား၍ ရဲဌာန(ဖုန်း ၁၁၀)သို့ အလျင် အမြန် အကြောင်းကြားပါ။ ဒဏ်ရာရသူရှိခဲ့လျှင် အရေးပေါ် ကယ်ဆယ်ရေးယာဉ်လွှတ်ပေးရန် အကူအညီတောင်းခံ၍ ဒဏ်ရာရရှိ သူကို အန္တရာယ်ကင်းအောင် ဆောင်ရွက်ရမည်။ |
| ↓ |
| **2. ဖြစ်ပွားရာနေရာ စစ်ဆေးမှတ်သားခြင်း** |
| ရဲများရောက်ရှိလာပါက ဖြစ်ပွားရာနေရာကို မှတ်သားအတည်ပြုစေခိုင်းပါ။ ရဲများရောက်ရှိသည်အထိ ထိုနေရာမှမခွာပါနှင့်။ (ဒဏ်ရာရရှိနေသောအခါမှအပ) ယင်းတို့ကို မလုပ်ဆောင်ခဲ့လျှင် နောက်ပိုင်း၌ အာမခံကြေးရရှိရန် မသေချာပေ။ |
| ↓ |
| **3. အပြန်အလှန် မိတ်ဆက်မှတ်သားထားခြင်း** |
| တစ်ဘက်လူသို့ မိမိ၏လိပ်စာ၊ အမည်၊ ဆက်သွယ်ရမည့်နေရာကို ပေး၍ တစ်ဘက်လူထံမှလည်း ရယူထားပါ။ |
| ↓ |
| **4. အာမခံကုမ္ပဏီသို့အကြောင်းကြားခြင်း** |
| အာမခံကုမ္ပဏီသို့အကြောင်းမကြားခဲ့လျှင် အာမခံကြေးရရှိရန် မသေချာပေ။ အာမခံကုမ္ပဏီသည် နောက်ပိုင်းလုပ်ဆောင်ရန် ကိစ္စများကို အကြံပေးခြင်းနှင့် နစ်နာသူနှင့်ညှိနှိုင်းရာတွင် အကူအညီပေးဝင်ရောက်ညှိနှိုင်းပေးခြင်းတို့ ဆောင်ရွက်ပေးပါမည်။ ထို့ကြောင့်နစ်နာသူနှင့်ညှိနှိုင်းခြင်းကို အာမခံကုမ္ပဏီမှ ကြားဝင်၍ ဆောင်ရွက်စေခိုင်းပါ။ |

### (2) ယာဉ်မတော်တဆဖြစ်ပွားမှုနှင့် တွေ့ကြုံခဲ့လျှင်

| |
|---|
| **1. အပြန်အလှန် မိတ်ဆက်မှတ်သားထားခြင်း** |

| |
|---|
| တစ်ဘက်ကျူးလွန်သူ၏ အမည်၊ လိပ်စာ၊ ဖုန်းနံပါတ်၊ ယာဉ်နံပါတ် စသည်တို့ကို မှတ်သားထားပါ။ တစ်ဘက်လူသို့လည်း မိမိ၏ အမည်၊ လိပ်စာ၊ ဖုန်းနံပါတ်ကို မဖြစ်မနေပေးပါ။ |
| ↓ |
| **2. ရဲဌာနသို့အကြောင်းကြားရန်** |
| ချက်ချင်းအနီးဆုံးရဲဌာန (ဖုန်း ၁၁၀)သို့ အကြောင်းကြားပါ။ နောက်ရက်များတွင် ကျူးလွန်သူ တစ်ဘက်လူနှင့် အာမခံကုမ္ပဏီထံ နစ်နာကြေးတောင်းရန်အတွက် ယာဉ်မတော်တဆဖြစ်ပွားမှု သက်သေခံစာ လိုအပ်သောကြောင့် မဖြစ်မနေ ရဲဌာနသို့ အကြောင်း ကြားပါ။ |
| ↓ |
| **3. ဆေးရုံသို့သွား၍ ဆေးစစ်စာပြုလုပ်ရန်** |
| တစ်ဘက်ကျူးလွန်သူနှင့်အာမခံကုမ္ပဏီထံသို့ ဆေးဝါးကုသစရိတ် စသည်တို့ကို တောင်းခံရန်၌ လိုအပ်သည်။ ဒဏ်ရာရမှုနည်း ခဲ့လျှင်လည်း မပျက်မကွက် ဆရာဝန်မှဆေးစစ်မှုကိုခံယူပြီး ဆေးစစ်စာကို ပြုလုပ်ထားပါ။ |
| ↓ |
| **4. အလုပ်မှထောက်ခံချက်ပေးစာပြုလုပ်ရန်** |
| အလုပ်မလုပ်နိုင်လောက်အောင် ဒဏ်ရာရရှိသောအခါ၌ အလုပ်ရှင် (ကုမ္ပဏီ) သို့ အကြောင်းကြား၍ အလုပ်မှထောက်ခံချက် ပေးစာကို ပြုလုပ်ခိုင်းပါ။ ကျူးလွန်သူတစ်ဘက်လူနှင့် ကုမ္ပဏီထံသို့ အလုပ်ပျက်နစ်နာကြေးကို တောင်းဆိုရာ၌ အလုပ်ရှင်က ပေးသော ထောက်ခံစာ လိုအပ်လာပါလိမ့်မည်။ |

※ မတော်တဆဖြစ်ပွားမှုတွင် ဒဏ်ရာရရှိခဲ့လျှင် တစ်ဘက်ကျူးလွန်သူ၏ ယာဉ်ပျက်စီးစေခြင်းလျော်ကြေးအာမခံနှင့် မိမိဆန္ဒအလျောက်ထားသောအာမခံဖြင့် လျော်ကြေးငွေရမှာဖြစ်သည်။

※ အလုပ်ချိန်အတွင်းနှင့် အလုပ်သွားနေချိန်အတွင်း မတော်တဆဖြစ်ပွားမှုနှင့်ကြုံတွေ့လျှင် အလုပ်သမားထိခိုက်ဒဏ်ရာအာမခံမှလည်း လျော်ကြေးငွေရပါမည်။

**(3) မထားမနေရ အာမခံ (မော်တော်ယာဉ်နစ်နာမှုလျော်ကြေးအာမခံ)**

အာမခံတွင် မထားမနေရ အာမခံနှင့် မိမိဆန္ဒအလျောက်ထားသော ဆန္ဒအာမခံ ဆို၍ နှစ်မျိုးရှိပါသည်။ ဂျပန်နိုင်ငံရှိ ယာဉ်ပိုင်ဆိုင်သူများအားလုံးသည် မော်တော်ယာဉ်ပျက်စီးစေခြင်းလျော်ကြေးတာဝန်ယူမှုအာမခံ (ယာဉ်ပျက်စီးစေခြင်းလျော်ကြေးအာမခံ)ကို ဥပဒေအရထားရှိရန် ဥပဒေပြဋ္ဌာန်းထား၍ မော်တော်ယာဉ်ဝယ်ယူရာနှင့် ယာဉ်စစ်ဆေးရာ၌ အလိုအလျောက် အာမခံ ထားရှိသွားမည်ဖြစ်ပါသည်။ ၎င်းအာမခံသည် မော်တော်ယာဉ် သို့မဟုတ် ဆိုင်ကယ်မောင်းနှင်နေစဉ် အခြားသူကို ထိခိုက်၊ သေဆုံး၊ ဒဏ်ရာရစေသောအခါ၌သာလျှင် အကျုံးဝင်ပြီး၊ နစ်နာသူ၏လျော်ကြေးငွေပမာဏကို အကန့်အသတ်အထိသာ ပေးလျော်မည်ဖြစ်သည်။

မတော်တဆဖြစ်ပွားမှုအပေါ်မူတည်၍ လျော်ကြေးငွေအများအပြား ကုန်ကျသည့်အခါမျိုးလည်း ရှိနိုင်ပြီး၊ ယာဉ်ပျက်စီးစေခြင်းလျော်ကြေးအာမခံသည် အနည်းဆုံးဖြစ်မည့် လျော်ကြေးကိုသာပေးမည်ဖြစ်၍ ပေးလျော်ရန် လျော်ကြေးငွေမှာ လုံလောက်မှုမရှိနိုင်ပါ။ ထို့ကြောင့် ထပ်မံ၍ မိမိဆန္ဒအလျောက်ထားသောအာမခံကို ထားရှိရန် တိုက်တွန်းပါသည်။

### (4) မိမိဆန္ဒအလျောက်ထားသောအာမခံ

မထားမနေရ အာမခံနှင့်မသက်ဆိုင်သော တစ်ဘက်အရာထိခိုက်ပျက်စီးဆုံးရှုံးမှု (အခြားသူ၏အရာဝတ္ထုကို ပျက်စီးစေခြင်းစသည့် မတော်တဆဖြစ်ပွားမှု)၊ ယာဉ်ပျက်စီးဆုံးရှုံးမှု (မော်တော်ယာဉ်အခိုးခံရမှု) နှင့် မထားမနေရ အာမခံနှင့်သက်ဆိုင်သော တစ်ဘက်လူထိခိုက်ဒဏ်ရာရမှု တို့ဖြစ်သော်ငြားလည်း ယာဉ်မတော်တ ဆဖြစ်ပွားမှုအတွက် ပေးလျော်ရမည့် လျော်ကြေးငွေပမာဏသည် ယာဉ်ပျက်စီးစေခြင်းလျော်ကြေးအာမခံမှ ရရှိသောလျော်ကြေးငွေပမာဏကို ကျော်လွန်သောအခါမှ ပေးလျော်ပါမည်။

မိမိဆန္ဒအလျောက်ထားသောအာမခံသည် ပုဂ္ဂလိကအာမခံကုမ္ပဏီတွင် ထားရှိနိုင်ပါသည်။

# 5 ယာဉ်မတော်တဆဖြစ်ပွားမှု

## 5-2 ယာဉ်မတော်တဆဖြစ်ပွားမှုတိုင်ပင်ခြင်းနှင့် ယာဉ်ဘေးဒဏ်အပြန်အလှန်ပိုင်းဂန်းကူညီရေး

### (1) ယာဉ်မတော်တဆဖြစ်ပွားမှု တိုင်ပင်ခြင်း

ယာဉ်မတော်တဆဖြစ်ပွားမှုတွင် ကျူးလွန်သူ သို့မဟုတ် နစ်နာသူဖြစ်ခဲ့လျှင် မဆိုင်းမတွ အထူးဖွဲ့စည်းထားသော တိုင်ပင်ခံအဖွဲ့အစည်းနှင့် တိုင်ပင်ပါ။ အတွေ့အကြုံကြွယ်ဝသော အတိုင်ပင်ခံများမှ လက်ခံအကြံပေးပေးပါလိမ့်မည်။ ရှုပ်ထွေးသော ပြဿနာများကို ရှေ့နေမှ အကြံဉာဏ်ပေးပါလိမ့်မည်။ တိုင်ပင်ခမှာ အခမဲ့ဖြစ်ပြီး မသိစေချင်သောလျှို့ဝှက်ချက်များကို ထိန်းသိမ်းပေးပါလိမ့်မည်။

တိုင်ပင်ရန်အဖွဲ့အစည်းကို မြို့နယ်အစိုးရရုံးအသီးသီးမှာ မေးမြန်းပါ။

### (2) ယာဉ်ဘေးဒဏ်အပြန်အလှန်ပိုင်းဂန်းကူညီရေး

အသင်းဂင်များသည် ဂျပန်နိုင်ငံအတွင်းတွင် မော်တော်ယာဉ်နှင့် ဆိုင်ကယ်တို့နှင့် သက်ဆိုင်သော မတော်တဆမှုဖြစ်ပွားခဲ့လျှင် ကူငွေရရှိနိုင်မည့်စနစ် ဖြစ်သည်။ ယင်းစနစ်နှင့်ပတ်သက်၍ မြို့နယ်အစိုးရရုံး အသီးသီးတွင်မေးမြန်းပါ။

# 5 ယာဉ်မတော်တဆဖြစ်ပွားမှု

## 5-3 ပျက်စီးဆုံးရှုံးမှုလျော်ကြေးနှင့် တွက်ချက်သတ်မှတ်နည်း

### (1) ပျက်စီးဆုံးရှုံးမှုလျော်ကြေး

ယာဉ်မတော်တဆဖြစ်ပွားမှုတွင် နစ်နာသူဖြစ်ခဲ့လျှင် တောင်းဆိုနိုင်သောလျော်ကြေးငွေကို အမျိုးအစား လေးမျိုး ခွဲခြားထားသည်။

| | |
|---|---|
| + ဆေးဝါးကုသမှုနှင့် ဆိုင်သောစရိတ် | + အလုပ်အကိုင်ပျက်လျော်ကြေး |
| + နစ်နာကြေး | + သေဆုံးမှုနှင့် ဖြစ်ကျန်ခဲ့သောဒဏ်အတွက်လျော်ကြေး (မတော်တဆဖြစ်ပွားမှုကြောင့်ဆုံးရှုံးသောအကျိုးအမြတ်၊ နစ်နာကြေး) |

### (2) ပျက်စီးဆုံးရှုံးမှုလျော်ကြေးငွေ တွက်ချက်သတ်မှတ်နည်း

ပျက်စီးဆုံးရှုံးမှုလျော်ကြေးငွေတွက်ချက်သတ်မှတ်နည်းတွင် ယာဉ်ပျက်စီးစေခြင်းလျော်ကြေးအာမခံ၊ မိမိဆန္ဒ အလျောက်ထားသောအာမခံ၊ ရှေ့နေများအသင်း၏ တွက်ချက်မှုအလိုက် ကွာခြားမှု ရှိပါသည်။

| | |
|---|---|
| ယာဉ်ပျက်စီးစေခြင်း လျော်ကြေး အာမခံအတွက် | ဆေးဝါးကုသနေသည့်ကာလအတွင်း ဆေးဝါးကုသစရိတ် စသည့် အများဆုံးပေးမည့် လျော်ကြေး ငွေသည် ယန်း 12,000,000 ဖြစ်သည်။ ၄င်းအပြင် ဒဏ်ရာ လက္ခဏာဖြစ်ကျန်နေခဲ့လျှင် ဒဏ်ရာအနည်းအများအဆင့်အလိုက်၊ အာမခံကြေးပေးပါမည်။ ယာဉ်ပျက်စီးစေခြင်းလျော်ကြေးအာမခံသည် နစ်နာသူဘက်မှ ကြီးမားသောအမှားမရှိခဲ့လျှင် အခြေခံအားဖြင့် အာမခံကြေးဖြတ်တောက်ခံ ရမည်မဟုတ်သော်လည်း အကုန်လုံးနည်းပါး ကုသစရိတ်ထဲပါသွားမည်ဖြစ်ပြီး များသောအားဖြင့် အလုပ်ပျက်လျော်ကြေး နှင့် နစ်နာကြေး အနည်းငယ်ခန့်သာလျှင်ကျန်မှာဖြစ်သည်။ |
| မိမိဆန္ဒ အလျောက်ထားသော အာမခံ | ကျူးလွန်သူမှထားသော မိမိဆန္ဒ အလျောက်ထားသော အာမခံပေါ်မူတည်၍ အများဆုံးအကန့်အသတ် ရှိသည်။ |
| ရှေ့နေများအသင်း ၏ တွက်ချက်နည်း | ဂျပန်ရှေ့နေများအသင်းမှ တရားမတရားရုံးတွင် တရားစွဲဆိုသောအခါ၌ တွက်ချက်သတ်မှတ်ထားသောနည်း။ |

| | |
|---|---|
| | ထို့နောက် မတော်တဆမှုဖြစ်ပွားရာတွင် ကျူးလွန်သူ သို့မဟုတ် နစ်နာသူ မည်သူကတာဝန်ပိုမိုရှိသည်ကို ဆုံးဖြတ်မည့် "အမှားအချိုးအစား" ဆိုသည့် စဉ်းစားနည်းရှိပါသည်။ ယင်း အမှားအချိုးအစားကိုလိုက်၍ ပျက်စီးဆုံးရှုံးမှုလျော်ကြေးငွေ ပမာဏပြောင်းလဲလာပါမည်။ |